**အမှတ် (၃၁) ဘဏ္ဍာနှစ် ၂၀၂၄-၂၀၂၅**

**ရိုးမဘဏ်လီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှတ်တမ်း**

**(ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၉၃၇၇၁၉၄၇)**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်၊ သောကြာနေ့၊ နံနက် (၉:၃၀)နာရီမှ (၁၁:၀၀)နာရီအထိ
ရိုးမဘဏ်လီမိတက်၏ ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

| | |
|---|---|
| **အစည်းအဝေး တက်ရောက်သည့် ရှယ်ယာရှင်များ** | First Myanmar Investment Public Company Limited ၏ မဲပေးခွင့်ရှိသည့် ကိုယ်စားလှယ်<br>ဦးဇော်မိုးခိုင် |
| **အစည်းအဝေး တက်ရောက်သည့် ဒါရိုက်တာအဖွဲ့ဝင်များ** | ဦးထွန်းမြတ် (ဥက္ကဋ္ဌ)<br>ဦးကြည်အေး (ဒါရိုက်တာ)<br>ဒေါက်တာသိန်းဇော် (အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ)<br>Mr. Chintaman Mahadeo Dixit, alias Dilip (အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ)<br>Mr. John Alan Staley (အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ)<br>ဦးကျော်စိုးလင်း (ဒါရိုက်တာ) |
| **မတက်ရောက်နိုင်သည့် ဒါရိုက်တာအဖွဲ့ဝင်များ** | Greenwood Capital Private Limited ၏ မဲပေးခွင့်ရှိသည့် ကိုယ်စားလှယ်<br>Norfund ၏ မဲပေးခွင့်ရှိသည့် ကိုယ်စားလှယ် |
| **အခြားတက်ရောက်သူများ** | ဒေါ်ပွင့်သော်တာမောင် (ငွေရေးကြေးရေးအရာရှိချုပ်)<br>ဒေါ်ဇင်မီမီ (ကော်ပိုရိတ်အတွင်းရေးမှူး)<br>ဒေါ်ခင်မူမူမြင့် (ဘဏ်လုပ်ငန်းဆိုင်ရာအရာရှိချုပ်)<br>ဦးဝင်းထွဋ်အောင် (V Advisory Limited ၏ ကိုယ်စားလှယ်)<br>ဒေါ်သဲအေးဖြူ(V Advisory Limited ၏ ကိုယ်စားလှယ်)<br>ဒေါ်ခင်စုစံ (V Advisory Limited ၏ ကိုယ်စားလှယ်) |

**နှစ်ပတ်လည်အထွေထွေအစည်းအဝေးအစီအစဉ်**



လျို့ဝှက် - ပြင်ပသို့ မျှဝေခြင်းမပြုရန်

| စဉ် | အစီအစဉ် |
|---|---|
| ၁။ | ➢ သဘာပတိမိန့်ခွန်း |
| ၂။ | ➢ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာ |
| ၃။ | ➢ International Financial Reporting System (IFRS) အရ ဘဏ္ဍာရေးအစီရင်ခံစာ ပြင်ဆင်နေမှု အခြေအနေအား တင်ပြခြင်း |
| ၄။ | ➢ ရှယ်ယာရှင်အဖွဲ့ ဆုံးဖြတ်ချက်နှင့် အသိပေးချက်များ<br>○ ပြင်ပစာရင်းစစ်ခန့်အပ်ခြင်း<br>○ ဒါရိုက်တာများခန့်အပ်ခြင်း<br>○ ကော်မတီများနှင့် ကော်မတီအဖွဲ့ဝင်များ အသိပေးချက် |
| ၅။ | ➢ အခြားအထွေထွေဆွေးနွေးမှုများ |

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | **သဘာပတိမိန့်ခွန်း**<br>ရိုးမဘဏ်လီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့၊ နံနက် (၉:၃၀) နာရီတွင် ကျင်းပခဲ့ပါသည်။ ဥက္ကဋ္ဌ (သဘာပတိ) မှ တက်ရောက်လာသည့် ရှယ်ယာရှင်များအား ကြိုဆိုခဲ့ပြီးနောက် အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေ ပြည့်မီသဖြင့် အစည်းအဝေးကို စတင်ခဲ့ပါသည်။<br>ဥက္ကဋ္ဌမှ လွန်ခဲ့သောနှစ်အတွင်း ဘဏ်၏ တိုးတက်မှုများနှင့် ပတ်သက်၍ ဘဏ်၏ စွမ်းဆောင်ရည်သည် မျှော်လင့်ထားသည်ထက် ကျော်လွန်ခဲ့ပါကြောင်း၊ စုစုပေါင်း အပ်ငွေပမာဏသည် ဘဏ်၏ သမိုင်းတစ်လျှောက်တွင် အမြင့်ဆုံးဖြစ်သည့် မြန်မာကျပ် ၅.၃ ထရီလီယံသို့ ရောက်ရှိခဲ့ပါကြောင်း ဖော်ပြခဲ့သည်။ အဓိက စီးပွားရေးလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိနေပြီး ပူးပေါင်းဆောင်ရွက်မှုများလည်း ဆက်လက်အားကောင်းလာလျက်ရှိသည်။<br>ဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချီးမြှင့်သည့် ဆုနှစ်ခု ရရှိခဲ့ခြင်းကို အထူး ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ "အကောင်းဆုံး စွမ်းဆောင်ရည်ဆု" နှင့် "MMQR အတွက် အကောင်းဆုံး ပါဝင်ဆောင်ရွက်မှုဆု" တို့ကို ချီးမြှင့်ခံရခဲ့ကြောင်းလည်းတင်ပြခဲ့ပါသည်။ |
| ၂။ | **၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာ - V Advisory Limited**<br>ပြင်ပစာရင်းစစ်ဖြစ်သော V Advisory Limited မှ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများ စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ခြုံငုံသုံးသပ် တင်ပြခဲ့ပါသည်။<br>သီးခြားလွတ်လပ်သော စာရင်းစစ်အဖွဲ့က ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများသည် ဘဏ်၏ ဘဏ္ဍာရေးအခြေအနေနှင့် ငွေသားစီးဆင်းမှုများကို မှန်ကန်မျှတစွာ ဖော်ပြထားကြောင်း အတည်ပြု |



လျှို့ဝှက် - ပြင်ပသို့ မျှဝေခြင်းမပြုရန်

လျက် unqualified audit opinion ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာများကို အတည်ပြုခဲ့ပါသည်။

၃။ **IFRS အရ ဘဏ္ဍာရေးအစီရင်ခံစာ ပြင်ဆင်မှု အစီရင်ခံစာ**

ငွေရေးကြေးရေးဆိုင်ရာအရာရှိချုပ် (Chief Financial Officer) မှ ဘဏ်၏ ဘဏ္ဍာရေး အစီရင်ခံစံနှုန်းကို IFRS သို့ ပြောင်းလဲခြင်းနှင့် ပတ်သက်၍ အခြေအနေကို ရှယ်ယာရှင် အဖွဲ့ဝင်များအား တင်ပြခဲ့ပါသည်။

ဘဏ်အနေဖြင့် MFRS နှင့် IFRS နှစ်မျိုးစလုံးအရ ဘဏ္ဍာရေးအစီရင်ခံခြင်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်မည့် Parallel Financial Reporting ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စတင်၍ တစ်နှစ်တာ ကာလအတွက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ကာ အဆိုပါကာလ အတွင်း အစီရင်ခံမှုစံနှုန်း နှစ်ရပ်အကြား ကွာခြားချက်များကို ညှိနှိုင်းသုံးသပ်နိုင်ရန်နှင့် IFRS သို့ ပြောင်းလဲအသုံးပြုရာတွင် ချောမွေ့အဆင်ပြေစွာ ကူးပြောင်းနိုင်စေရန် ရည်ရွယ်ထားကြောင်း ဖော်ပြခဲ့သည်။

၄။ **ရှယ်ယာရှင်အဖွဲ့ ဆုံးဖြတ်ချက်နှင့် အသိပေးချက်များ**

**<u>ပြင်ပစာရင်းစစ် ခန့်အပ်ခြင်း</u>**

ဥက္ကဋ္ဌသည် ဘဏ္ဍာရေးနှစ် ၂၀၂၅-၂၀၂၆ အတွက် V Advisory Limited ကို ဘဏ်၏ ပြင်ပစာရင်းစစ်အဖြစ် ဆက်လက်ခန့်အပ်သွားမည် ဖြစ်ကြောင်း အဖွဲ့ဝင်များအား အသိပေးခဲ့ပါသည်။ တက်ရောက်လာသည့် ရှယ်ယာရှင်များအားလုံးက V Advisory Limited ကို ဘဏ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်မှုကို တညီတညွတ်တည်း အတည်ပြုခဲ့ပါသည်။

**<u>ဒါရိုက်တာအဖွဲ့ဝင်များကို ခန့်အပ်ခြင်း</u>**

ဥက္ကဋ္ဌသည် ရိုးမဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့တွင် ခန့်အပ်ရန် ဒါရိုက်တာများစာရင်းကို တင်ပြခဲ့ပါသည်။

- ဦးထွန်းမြတ် (ဥက္ကဋ္ဌ)
- ဦးကြည်အေး (ဒါရိုက်တာ)
- ဒေါက်တာသိန်းဇော် (အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ)
- Mr. Chintaman Mahadeo Dixit (အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ)
- Mr. John Alan Staley (အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ)
- ဦးကျော်စိုးလင်း (ဒါရိုက်တာ)

ရှယ်ယာရှင်များက ဘဏ်၏ ဒါရိုက်တာအဖွဲ့ ခန့်အပ်ခြင်းကို တညီတညွတ်တည်း အတည်ပြုခဲ့ကြပါသည်။

**<u>ကော်မတီများနှင့် ကော်မတီအဖွဲ့ဝင်များ အသိပေးချက်</u>**

ဥက္ကဋ္ဌက ဒါရိုက်တာအဖွဲ့ မှ ဖွဲ့စည်းထားသော ကော်မတီများ၊ ဒါရိုက်တာအဖွဲ့က တည်ထောင်ထားသည့်

| | |
|---|---|
| | အခြားကော်မတီများနှင့် စီမံခန့်ခွဲမှု ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များဆိုင်ရာ အသိပေးချက်များကို တင်ပြခဲ့သည်။<br><br>ဥက္ကဋ္ဌနှင့်တကွ အဖွဲ့ဝင်များသည် ဒါရိုက်တာအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲသူများနှင့် ဖွဲ့စည်းထားသည့် ကော်မတီများနှင့် ၎င်းကော်မတီများ၏အဖွဲ့ဝင်များကို အသိအမှတ်ပြု သဘောတူခဲ့ကြပါသည်။ |
| ၅။ | **အထွေထွေဆွေးနွေးမှုများနှင့် နိဂုံးချုပ်အမှာစကား**<br><br>ဥက္ကဋ္ဌက ပြီးခဲ့သည့်နှစ်အတွင်း ဘဏ်၏ စွမ်းဆောင်ရည် အခြေအနေများအား တင်ပြပေးပါရန် အမှုဆောင်အရာရှိချုပ်အား ဖိတ်ကြားခဲ့ပါသည်။ အမှုဆောင်အရာရှိချုပ်က ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ၂၀၂၅ ခုနှစ်၊ မတ်လအထိ ကာလအတွင်း ဘဏ်၏ လုပ်ငန်းလည်ပတ်မှုများ အခြေအနေများကို အဖွဲ့ဝင်များအား တင်ပြခဲ့သည်။<br><br>ဆက်လက်၍ အမှုဆောင်အရာရှိချုပ်က ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအထိ ကာလအတွက် ဘဏ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အဖွဲ့ဝင်များအား တင်ပြခဲ့သည်။ အထူးသဖြင့် Credit Card နှင့် Hire Purchase ဝန်ဆောင်မှုများ ပြန်လည်စတင်ရန် ခွင့်ပြုချက်များ ရရှိခဲ့ပြီး လုပ်ငန်းများကို ၂၀၂၅ ခုနှစ် အစပိုင်းတွင် အောင်မြင်စွာ ပြန်လည်စတင်နိုင်ခဲ့ကြောင်း တင်ပြခဲ့သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ရိုးမဘဏ်သည် မြန်မာနိုင်ငံရှိ ပြည်တွင်းဘဏ်များအနက် Agent Banking License ကို ပထမဆုံး ရရှိခဲ့သော ဘဏ်ဖြစ်လာကြောင်းလည်း ပြောကြားခဲ့သည်။ |

သဘာပတိမှ ရှယ်ယာရှင်များအား ဘဏ်အပေါ် အစဉ်တစိုက် ကူညီပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီးနောက် အစည်းအဝေးကို နံနက် ၁၁း၀၀ နာရီအချိန်တွင် ပိတ်သိမ်းခဲ့ပါသည်။

ဥက္ကဋ္ဌ

ဒါရိုက်တာ



လျှို့ဝှက် - ပြင်ပသို့ မျှဝေခြင်းမပြုရန်